# SPIRITUAL MATHEMATICS & SCIENCE FOR 2026

## ၂၀၂၆ ခုနှစ် အတွက်ဝိညာဥ်ရေးဆိုင်ရာသချာ်နည်းပညာနှင့် သိပ္ပံနည်းပညာ။

- သင့်မိသားစုအသက်တာတွင်နူတ်ကပတ်တော်ကိုဖတ်ရှုခြင်း၊ဝတ်ပြုကိုးကွယ်ခြင်းနှင့်ဆုတောင်းပဌနာပြုခြင်းတို့ကိုထည့်သွင်းပါ။
- သင့်အသက်တာမှမကောင်းသောအကျင့်များကိုနုတ်ယူပြီး၊၎င်းတို့အားကျွေးမွေးခြင်းမှရပ်တန့်ပါ။
- ဘုရားသခင်ကိုချီးမွမ်းရန်နှင့်အခြားသူများကိုတည်ဆောက်ရန်၊၎င်းတို့ကိုပညာရှိရှိရှာဖွေတွေ့ရှိခြင်း၊ဖွံ့ဖြိုးတိုးတက်စေခြင်း နှင့်ပြသခြင်းအားဖြင့်သင့်အရည်အချင်းများကိုတိုးပွါးစေပါ။
- ဘဝ၏လိုအပ်ချက်အမျိုးမျိုး၌သင့်အချိန်ကိုပညာရှိစွာပိုင်းခြားပြီး၊ထာဝရကိစ္စရပ်များကိုအာရုံစိုက်စေပါ။
- စည်းကမ်းရှိသောစီမံကိန်းရေးဆွဲခြင်းနှင့်ရွှေ့ဆိုင်းခြင်းမရှိဘဲ၊နေ့စဥ်အချိန်ဖြုန်းတီးခြင်းကိုအပိုင်းအစအဖြစ်လျှော့ချပါ။
- နောင်တရခြင်းနှင့်သိုးသူငယ်၏အသွေးတော်တန်ခိုးတော် အားဖြင့်အပြစ်များကိုဖယ်ရှားပါ။
- သင့်ဆုံးဖြတ်ချက်အားလုံးအတွက်အဓိကအပိုင်းအဖြစ် သမ္မာကျမ်းစာကိုအသုံးပြုပါ။
- သင့်မိတ်ဆွေများသည်ဘုရားသခင်နှင့်သူ၏နူတ်ကပတ်တော်ကိုကြောက်ရွံ့ပြီး၊ချစ်မြတ်နိုးသူများဖြစ်ပါစေ။
- ၂တိ-၂း၂အရ၊ဘုရားသခင်လမ်းပြပို့ဆောင်သည့်အတိုင်း၊ဂျီဩမေတြီပညာနှင့်ဆိုင်သောတိုးတက်မှုမှတစ်ဆင့်အခြားသူများအားစိတ်အားထက်သန်စွာခရစ်တော်အတွက်သက်သေခံပါ။
- ဘုရားသခင်၏အလိုတော်ကိုရှေးဦးစွာရှာဖွေခြင်းအားဖြင့်သင့်အနာဂတ်ကိုပုံဖော်ပါ၊ထို့နောက်၎င်းတို့ကိုရှာဖွေပါ။
- ကျောင်းသို့မဟုတ်လုပ်ငန်းခွင်၌ကောင်းမွန်သောအပြုအမူအတွက်ဘုရားသခင်ကိုချစ်ခြင်းနှင့်ကြောက်ရွံ့ခြင်းသည်တွန်းအားဖြစ်ပါစေ။
- ကျေးဇူးတော်ပလ္လင်တော်၌စဥ်ဆက်မပြတ်ကြားဝင်ဆုတောင်းခြင်းဖြင့်သင်၏စိုးရိမ်ပူပန်မှုများကိုဆုတောင်းခြင်း၏အဓိကနေရာမှဖယ်ရှားလိုက်ပါ။

## Spurgeon’s New Year Restorations that involved Seeing more than Being

## စပါဂျင်၏နှစ်သစ်ဆုံးဖြတ်ချက်များမှာဖြစ်ပျက်နေသည်ထက်ပိုပြီးမြင်တွေ့ခြင်းများပါဝင်သည်။

စပါဂျင်က"နှစ်သစ်ကိုမျှော်ကြည့်သည့်အခါတွင်၊ကျွန်ုပ်မြင်တွေ့သည့်အရာကိုစကားလုံးအနည်းငယ်နှင့်ပြောပါရစေ"ဟု ပြောခဲ့သည်။

သို့ဖြစ်လျှင်၊စပါဂျင်သည်သူ့အနေဖြင့်မည်သည့်အရာကိုမြင်တွေ့ရန်ဆုံးဖြတ်ခဲ့သနည်း။ဤနေရာတွင်တရားဟောဆရာ၏အ ဓိကဆုံးဖြတ်ချက် (၄) ခုမှာ...

### ၁။ အရာခပ်သိမ်း၌ဘုရားသခင်၏အချုပ်အခြာအာဏာ။

### God's Sovereignty in All Things

"ဘုရားသခင်၏ကြိုတင်သိမြင်ခြင်းနှင့်ကြိုတင်ခွဲခန့်မှတ်သားခြင်းအားဖြင့်တည်ဆောက်ထားသည့်အဝေးပြေးလမ်းမကြီးကိုကျွန်ုပ်မြင်ပါသည်။အနာဂတ်တွင်အဘယ်အရာမှအခွင့်အရေးမကျန်ရစ်ပါ။စာဥက်တစ်ကောင်ပြုတ်ကျခြင်းသို့မဟုတ်ဆံပင်တစ်ပင်ကျွတ်ကျခြင်းကိုလည်းမမျှော်လင့်ဘဲ၊မထားခဲ့ပေ။သို့သော်ဘဝ၏အဖြစ်အပျက်များအားလုံးကိုစီစဥ်ထားကာ၊သတ်မှတ်ထားသည်။လမ်း၏အကွေ့တိုင်းကိုဘုရားသခင်၏မြေပုံတွင်အမှတ်အသားပြုထားရုံသာမကလမ်းမပေါ်ကကျောက်တုံးတိုင်း၊မနက်ခင်းနှင်းစက်တိုင်းသို့မဟုတ်လမ်းဘေး၌ပေါက်နေသည့်မြက်ခင်းပြင်ပေါ်သို့ကျရောက်သည့်ညနေခင်းမြူတိုင်းကိုလည်းဖော်ပြထားပါသည်။လမ်းမရှိသည့်သဲကန္တာရကိုဖြတ်ကျော်ရန်မဟုတ်ပါ။ထာဝရဘုရားသည်ကျွန်ုပ်၏လမ်းကြောင်းကိုသူ၏မမှားယွင်းနိုင်သည့်ညဏ်ပညာနှင့်အဆုံးမဲ့မေတ္တာနှင့်သတ်မှတ်ပေးထားပါသည်။

## ၂။ ကျွန်ုပ်တို့အတွက်ဘုရားသခင်၏လမ်းညွှန်မှု။

**God's Guidance for Us**

"နောက်ထပ်တစ်ခုအနေဖြင့်၊လမ်းတစ်လျှောက်တွင်ကျွန်ုပ်တို့၏သူ့ကို'ကိုယ်တော်၏အကြံညဏ်နှင့်ကျွန်ုပ်ကိုလမ်းညွှန်ပေးပါဟုကျွန်ုပ်တို့ဝမ်းမြောက်စွာပြောကြပါသည်။လမ်း၏အစိတ်အပိုင်းတိုင်း၌ကျွန်ုပ်တို့နှင့်အတူလိုက်သွားရန်သူစောင့်နေပါသည်။ဘုရားသခင်သည်သင့်ရှေ့၌သွားနေသည့်ဘုရားဖြစ်သည်။သူသည်သင်နှင့်အတူရှိလိမ့်မည်ဖြစ်သည်။သင့်ကိုစွန့်ပစ်မည်မဟုတ်ပေ။'ကျွန်ုပ်တို့သည်အထီးကျန်သည့်တောကန္တာရ၊နဂါးများနှင့်ဇီးကွက်များစုဝေးရာနေရာတစ်ခုကဲ့သို့ဘဝကိုဖြတ်သန်းရန်မချန်ထားခံရပေ။ယေရှုက'ငါသည်သင်တို့ကိုမျှော်လင့်ချက်ကင်းမဲ့စွာထားခဲ့မည်မဟုတ်၊ငါသည်သင်တို့ထံသို့ပြန်လာဦး မည်'ဟုမိန့်တော်မူခဲ့သည်။"

## ၃။ ကျွန်ုပ်တို့အထဲ၌ဘုရားသခင်၏ခွန်အား။

**God's Strength in Us**

"လမ်းနှင့်လမ်းပြသူအပြင်၊ယုံကြည်ခြင်းမျက်စိဖြင့်ပေးသနားတော်မူသောခရီးအတွက်ခွန်အားကိုကျွန်ုပ်တို့သည်အလွန်ရှင်းလင်းစွာသိမြင်ပါသည်။တစ်နှစ်တာလုံး၌ခရီးတစ်လျှောက်လုံးတွင်၊ကျွန်ုပ်တို့သည်အနားယူပြီးလန်းဆန်းစေသည့်ရပ်တန့်ရာနေရာများကိုရှာတွေ့မည်ဖြစ်ပြီး၊ထို့နောက်၊ကိုယ်တော်သည်ကျွန်ုပ်၏ဝိညာဉ်ကိုပြန်လည်တည်ဆောက်ပေးသည်ဟုသီဆိုကာ၊ခရီးဆက်ကြမည်ဖြစ်သည်။ကျွန်ုပ်တို့တွင်လုံလောက်သောခွန်အားရှိလိမ့်မည်။သို့သော်မည်သူမျှမနှမြောရ။ထိုခွန်အားသည်လိုအပ်သည့်အခါတွင်ရောက်ရှိလာလိမ့်မည်ဖြစ်သည်။ဘုရားသခင်သည်လုံလောက်သောအရာခပ်သိမ်းကိုပေးသနားတော်မူမည်မဟုတ်လော့။ဝန်ထုတ်ဝန်ပိုးကိုထမ်းပို့ရမည့်နေရာသို့ကျွန်ုပ်တို့ရောက်ရှိသောအခါ၊ခွန်အားကိုရရှိမည့်နေရာသို့ရောက်ရှိလိမ့်မည်။ကျွန်ုပ်တို့၏ဒုက္ခများကိုတစ်မှတစ်ဆယ်အထိများပြားစေရန်ဘုရားသခင်နှစ်သက်တော်မူပါက၊သူသည်ကျွန်ုပ်တို့၏ခွန်အားကိုထိုအမျိုးအစားအတိုင်းတိုးမြှင့်ပေးတော်မူမည်...ကျွန်ုပ်၏မီးခွက်များကိုလောင်ကျွမ်းရန်လိုအပ်သလောက်ချိန်ညှိပေးလိမ့်မည်။ကျွန်ုပ်တို့၏လက်ရှိအားနည်းချက်များသည်အစ္စရေးလူမျိုး၏သန့်ရှင်းသောဘုရားသခင်ကိုကန့်သတ်ရန်ကျွန်ုပ်တို့ကိုမသွေးဆောင်ပါစေနှင့်။ဘဝ၏အယ်လ်ပ်တောင်တန်းများကိုဖြတ်ကျော်သည့်လမ်းကြောင်းတိုင်းတွင်ပြုစုစောင့်ရှောက်ရေးဌာနတစ်ခုရှိပြီး၊ကောင်းကင်နိုင်ငံတော်သို့ကျွန်ုပ်တို့သွားရမည့်လမ်းကိုဖြတ်ကျော်သည့်စမ်းသပ်မှုမြစ်တိုင်းတွင်တံတားတစ်ခုရှိသည်။သန့်ရှင်းသောကော

င်းကင်တမန်များသည်ကျွန်ုပ်တို့ကိုသွေးဆောင်ရန်ကျဆုံးသွားသည့်လူများကဲ့သို့ကျွန်ုပ်တို့၏ကျေးဇူးရှင်ခမည်းတော်ဘုရားသခင်မထောင်ပံ့ပေးခဲ့သည့်လိုအပ်ချက်ကိုကျွန်ုပ်တို့သည်ဘယ်တော့အခါမှမရရှိပေ။"

## ၄။ ကျွန်ုပ်တို့၏အသက်တာ၌ဘုရားသခင်ဘုန်းတော်ထင်ရှားခြင်း။

**God Glorified in our Lives**

"နောက်ထပ်တစ်ခုသည်တောက်ပမှုဖြစ်သည်။ဒီနှစ်တွင်ကျွန်ုပ်တို့အားဖြင့်ကျွန်ုပ်တို့အတွင်း၌ဘုရားဘုန်းတော်ထင်ရှားစေမည်ဟုကျွန်ုပ်တို့ယုံကြည်ပါသည်။ကျွန်ုပ်တို့၏ရည်မှန်းချက်ကိုသဘောပေါက်နားလည်ပါက၊ကျွန်ုပ်တို့၏အမြင့်ဆုံးပျော်ရွှင်မှု၌ရောက်ရှိပါသည်။ဘုရားသခင်သည်ကျွန်ုပ်တို့ကဲ့သို့ဆင်းရဲသောသတ္တဝါများထံမှဘုန်းအသရေကိုရရှိနိုင်ကြောင်းတွေးတောခြင်းသည်ပြန်လည်ပြုပြင်ထားသောနှလုံးသား၏ဝမ်းမြောက်ခြင်းဖြစ်သည်...။ဘုရားသခင်သည်ပြီးခဲ့သည့်နှစ်အတွင်းကျွန်ုပ်တို့၌အတိုင်းအတာတစ်ခုထိဘုန်းအသရေခံစားခဲ့ရမည်ဟုမျှော်လင့်ပါသည်။သို့သော်ယခုစတင်သောနှစ်တွင်ဘုရားသခင်ကိုကျွန်ုပ်တို့အားဖြင့်ပိုမိုဘုန်းအသရေချီးမြှင့်လိမ့်မည်ဟုကျွန်ုပ်တို့ယုံကြည်ပါသည်...။ကျွန်ုပ်တို့၏ဘဝတစ်ခုလုံးသည်ယဇ်ပူဇော်ခြင်းတစ်ခုဖြစ်ရန်၊အမြင့်မြတ်ဆုံးသောအရှင်အားမွှေးကြိုင်သောရနံ့ဖြင့်အဆက်မပြတ်လောင်ကျွမ်းနေသောနံ့သာပေါင်းယဇ်ပလ္လင်တစ်ခုဖြစ်လိုပါသည်။အို၊ဘုရားသခင်အားချီးမွမ်းခြင်း၏အတောင်များဖြင့်တစ်နှစ်ပတ်လုံးဘယ်ဆောင်သွားကြပါစို့။"

ဘုရားသခင်တစ်ပါးတည်းသာလျှင်အနာဂတ်ကိုသိတော်မူပြီး၊ကျွန်ုပ်တို့ကိုယ်တော်ကိုယုံကြည်ကြပါစို့။

(၁၈၉၂)ခုနှစ်၊ဇန္နဝါရီလ(၁)ရက်နေ့၊နံနက်တွင်စပါဂျင်က"ကျွန်ုပ်တို့ရှေ့တွင်ဖြစ်ပျက်နေသည့်အဖြစ်အပျက်များကိုကျွန်ုပ်တို့ဘာမှမသိပေ။ကျွန်ုပ်တို့ကိုယ်တိုင်သို့မဟုတ်ကျွန်ုပ်တို့၏မိတ်ဆွေများအတွက်အသက်ရှင်ခြင်းသို့မဟုတ်သေခြင်းတရား၊ရာထူးပြောင်းလဲမှုများ၊ဖျားနာခြင်းသို့မဟုတ်ကျန်းမာရေး" ဟုဝန်ခံခဲ့သည်။

စပါဂျင်သည်(၁၈၉၂)ခုနှစ်ကိုသိပ်မမြင်တွေ့ခဲ့ရသော်လည်းဘုရားသခင်သည်အနာဂတ်ကိုသိတော်မူကြောင်းယုံကြည်ကိုးစားခဲ့သည်။ဤအမှန်တရားသည်သူ့ကိုကောင်းကြီးပေးပြီး၊အရာခပ်သိမ်းသည်ဘုရားသခင်အပေါ်မှီခိုအားထားစေခဲ့သည်။

(၂၀၂၆)ခုနှစ်တွင်ကျွန်ုပ်တို့ရှေ့၌မည်သည့်အရာပင်ရှိပါစေ၊ဘုရားသခင်၏အချုပ်အခြာအာဏာ၌အနားယူကြပါစို့။ဘုရားသခင်၏လမ်းညွှန်မှုကိုအပြည့်အဝအားကိုးကြပါစို့။ဘုရားသခင်၏ခွန်အားကိုအားကိုးကြပါစို့။ဘုရားသခင်၏ဘုန်းတော်အတွက်အသက်ရှင်ကြပါစို့။စပါဂျင်ပြောသကဲ့သို့" ဤ တစ်နှစ်ပတ်လုံးထာဝရဘုရားသည်သင်နှင့်အတူရှိတော်မူပါစေ။အာမင်။"

**Rev. Dr. Jack Sin**

**Sovereign Hope BPC (Singapore)**

**ဘာသာပြန်သူ - Myitta**